ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

## စင်လောင်အုပ်စု၊မူလဲကျေးရွာ


၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

## မာတိကာ

၁။ပင်လည်ဘူးမြို့နယ်မြေပုံ ............................................................ 2
၂။စင်လောင်အုပ်စုမြေပုံ ............................................................ 3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ............................................................ 4
၄။ကျေးရွာအခြေခံအချက်အလက်များ ............................................................ 4
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. 5
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ... 7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..................... 24
၈။ကော်မတီဝင်များစာရင်း ............................................................ 28
၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ............................................................ 29
၁၀။ပုံစံစ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား ............................................................ 31
၁၁။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ............................................................ 33
၁၂။ပုံစံစ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ............................................................ 36
၁၃။အစည်းအဝေးမှတ်တမ်းများ ............................................................ 37
၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်... **Error! Bookmark not defined.**


စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်
ပင်လည်ဘူးမြို့နယ် UTM မြေပုံ
N
W
E
S
ပင်လည်ဘူးမြို့နယ်
UTM Map
ဗန်းမောက်မြို့နယ်
ဖောင်းပြင်မြို့နယ်
ဝန်းသိုမြို့နယ်
ပင်လည်ဘူးမြို့
ကျွန်းလှမြို့နယ်
ကောလင်းမြို့နယ်

## ၂။ စင်လောင်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

စင်လောင်၊မူလဲ၊ကျွန်းပင်သာ၊ကပ္ပန္နတ်၊ (၄)ရွာအုပ်စုဖြစ်ပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

**မူလဲကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်ခန့်ကစတင်တည်ထောင်ခဲ့ပါသည်။ အိမ်ခြေ ၃၀ ကျော်ရှိပြီး လူဦးရေ ၁၀၀ ကျော်သာရှိခဲ့ပါသည်။ လက်ရှိအခြေအနေမှာ အိမ်ခြေ (၇၈)အိမ် ၊ လူဦးရေ စုစုပေါင်းမှာ ( ၄၅၅ ) ယောက်ရှိပါသည်။**

**၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု**

| **အမျိုးအစား** | **အိမ်ထောင်စု** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ကရင်လူမျိုး | ၁ | ၁ | - | ၁ |

**၃။ ထိခိုက်လွယ်အုပ်စု**

| **ထိခိုက်လွယ်အုပ်စု** | **အိမ်ထောင်စု** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| သက်ကြီး | ၁၈ | ၁၀ | ၈ | ၁၈ |
| မြေယာမဲ့ | ၁၄ | ၁၃ | ၁ | ၁၄ |
| မသန်စွမ်း | - | - | ၁ | - |

**၄။ အဓိကစီးပွားရေးလုပ်ငန်းများ**

| **စိုက်ပျိုးရေး** | **မွေးမြူရေး** | **အသေးစားစီးပွားရေး** | **အခြား** |
|---|---|---|---|
| စပါး | ဝက် | ကုန်စုံဆိုင် | |
| မြေပဲ | ကြက် | | |
| နှမ်း | နွား | | |
| နေကြာ | ကျွဲ | | |
| | | | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၈.၅၀ ဧက | ၅၀ဧက | ၇၇၂-ဧက | သဲ/ကျောက်ရှိ | ၂ / ၂ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၁ | ၃ | ၃ | ၂ | ၄ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃၄ | ၅၀ | ၆၀/၆၀ | ၁၆၀ | ၃၉၇ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | ချွေလှေ့စက် |
| အရေအတွက် | ၇၀ | ၆၉ | ၈ | ၂၀ | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၂၈-၁၂-၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၃၀ | ၄၂ | ၇၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၈-၁၂-၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊အမျိုးသားများ | ၆ | ၈ | ၁၄ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/Resource Map) | ၂၉-၁၂-၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၃ | ၁၁ | ၁၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၂၉-၁၂-၁၇ | အမျိုးသားများကော်မတီဝင်များ | ၆ | - | ၆ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းမျ ား၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၂၉-၁၂-၁၇ | အမျိုးသမီးများ | - | ၅ | ၅ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းမျ ား |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ် ပြ ဇယား(Metric Ranking) | ၂၉-၁၂-၁၇ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၃၁ | ၄၄ | ၇၅ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၈-၁၂-၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့ | ၄ | ၅ | ၉ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၈-၁၂-၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၉ | ၁၁ | ၂၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေနှင့် ပြောင်းလဲမှုညွှန်းကိန်း | ၂၉-၁၂-၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၂၉-၁၂-၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၆ | ၃ | ၉ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)**

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** သွပ်မိုး၊ပျဉ်ခင်း၊အုတ်ကာ<br>၊**မြေယာပိုင်ဆိုင်မှု-** လယ်(၅) ကေမှအထက်<br>**ကျွဲ၊ နွား-** ၁၀ ကောင်မှ (၁၅)ကောင်<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ထွန်စက်၊ခြွေလှေ့စက်၊<br>ကြိတ်စက်(စပါး)၊ TV ထွေလာဂျီ၊ ကား | ၁၅ | ၁၉% |
| အလယ်အလတ် | **အိမ်အခြေအနေ-** သွပ်မိုး၊ ခြေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု-** (၁) ကေမှ (၅)ကေ<br>**ကျွဲ၊ နွား-** ၅ကောင်မှ (၁၀)ကောင်<br>**အခြားပိုင်ဆိုင်မှု-**ဆိုင်ကယ်၊လှည်း၊ TV ၊VCD။ ဆိုလာ | ၄၈ | ၆၂% |
| နွမ်းပါး | **အိမ်အခြေအနေ-** သက်ကယ်မိုး။ဂါးထရံကာ၊ ပျဉ်ခင်း<br>**မြေယာပိုင်ဆိုင်မှု-** လယ်(၁)ကေ ။လက်လုပ်လက်စား<br>**ကျွဲ၊ နွား-** ၂ကောင်<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ် အဟောင်း | ၁၅ | ၁၉% |
| | | | |
| **စုစုပေါင်း** | | **၇၈** | **၁၀၀%** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ရာသီဉတု-တပို့တွဲ၊တပေါင်း၊ယုန်လအထိနွေရာသီဖြစ်ပါသည်။နယုန်လလယ်မှ ဂါဆို၊ဂါခေါင်၊ တော်သလင်းလအထိ မိုးရာသီဖြစ်ပါသည်။သီတင်းကျွတ်လမှ စတင်၍ တန်ဆောင်မုန်း၊နတ်တော်၊ပြာသိုလများအထိ အအေးလွန်ပြီး ဆောင်းရာသီဉတုဖြစ်ပါသည်။

စိုက်ပျိုးရေး-တန်ခူးလတွင် ပူးသီးပင်စိုက်ပျိုးကြပါသည်။ကဆုန်လတွင် ငှက်ပျောပင်စိုက်ကြ၍

နယုန်လ၊ဂါဆိုများတွင် စပါးပျိုးထောင်ကြပါသည်။ ဂါခေါင်လမှ တော်သလင်းလတွင် နမ်းကြီး၊ပန်းနမ်းများစိုက်ပျိုးကြပါသည်။ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြသည်။ နတ်တော်လမှ တပေါင်းလအထိ မြေပဲများစိုက်ပျိုးကြပြီး ရိတ်သိမ်းကြသည်။ တစ်နေ့ဝင်ငွေ ၃၀၀၀ ကျပ်ရှိပြီး တစ်လဝင်ငွေ ၉၀၀၀၀ ကျပ် တစ်နှစ်ဝင်ငွေ ၁၀၈၅၀၀၀ ကျပ်အထိရှိပြီး အကျိုးခံစားခွင့် အိမ်ထောင်စုအရေအတွက် ၃၀ စုရှိပါသည်။ နေ့စဉ်လုပ်ငန်းပုံမှန်မရှိသည့်အတွက် ဝင်ငွေအခက်အခဲရှိပါသည်။

## သုံးသပ်ချက်

မွေးမြူရေး-ကြက်၊ဝက်၊ကျွဲ၊နွား၊ငါး များကို တပိုင်တနိုင်မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းများကို ရာသီမရွေးလုပ်ကိုင်ကြပါသည်၊ နည်းပညာ၊ အရင်းအနှီးမရှိခြင်းကြောင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြပါ။

နေ့စားလုပ်ငန်း-တန်ခူးလမှဂါဆိုလအထိရာသီပေါ်သီးနံများဖြစ်သော
မြေပဲ၊ပြောင်းများစိုက်ပျိုးသည့်လုပ်ငန်းများရှိသည့်အတွက် ဝင်ငွေရရှိပါသည် ။ ဂါခေါင်လနှင့် တော်သလင်းလများမှ လုပ်ငန်းခွင်လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသဖြင့် ဝင်ငွေရရှိခြင်းမရှိပါ။ သီတင်းကျွတ်လမှ နတ်တော်လအထိ စပါးရိတ်သိမ်းခြင်းလုပ်ငန်း ပဲနှုတ်ခြင်းလုပ်ငန်းရှိသည့်အတွက် ဝင်ငွေရရှိမှုရှိပါသည်။ ပြာသို၊တပို့တွဲလများတွင် ဝင်ငွေမရှိပါ။ တပေါင်းလတွင်လည်း မြေပဲစိုက်ခြင်းကြောင့် ဝင်ငွေများတိုးခြင်းရှိပြီး တစ်နေ့တာအတွက် ၃၀၀၀ ကျပ် တစ်လလျှင် အလုပ်လုပ်ရက် (၂၀) ရက်နှင့်ကျပ် ၆၀၀၀၀ ဝင်ငွေ ရရှိပါသည်။ နွမ်းပါးအိမ်ထောင်စု (၂၀ )ရှိပါသည်။

သဘာဝဘေးအန္တရာယ်- ဂါခေါင်လနှင့် တော်သလင်းလရာသီများတွင် ရေကြီး၊ရေလျှံလေ့ရှိပါသည်။ ကျန်သောလရာသီများတွင် လေအနည်းငယ်သာတိုက်ပြီး ဘေးအန္တရာယ်မရှိပါ။

ဝမ်းစာဖူလုံမှု-ဂါခေါင်လနှင့် တော်သလင်းလများတွင် စပါးကုန်ချိန်ဖြစ်၍ ဂမ်းစာရှားပါးမှုများရှိပါသည်။ ကျန်လများတွင် ဂမ်းစာဖူလုံမှုအပြည့်ရှိပါသည်။

အလုပ်သမားရှားပါးမှု-တန်ခူးလမှစတင်၍ တပို့တွဲလအထိ အလုပ်သမားရှားပါးမှုရှိပါသည်။ တပေါင်းလ တစ်လတည်းသာ အလုပ်သမားပေါပါသည်။

ပွဲတော်များ-တန်ခူးလ သင်္ကြန်ပွဲ ၊ကဆုန်လညောင်ရေသွန်းပွဲ ၊ဂါဆိုလ ဂါဆိုသင်္ကန်းကပ်ပွဲ၊ တော်သလင်းလ မြသပိတ်ပွဲ၊ သီတင်းကျွတ်လ ၊မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲ ၊တပို့တွဲလနှင့် တပေါင်းလများတွင် ရှင်ပြုအလှူပွဲများကျင်းပပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

လူနေထိုင်မှု ပုံစံ-စီပွားရေးအဆင့် (၄) ဆင့်တွင် ချမ်းသာအဆင့်အိမ်ထောင်စု (၁၅)စု၊ အလယ်အလတ် (၄၈)အိမ်၊ နွမ်းပါး(၁၃) အလွန်နွမ်းပါး (၂)အိမ်ရှိပြီး စုစုပေါင်း(၇၈)အိမ်ရှိပါသည်။ ကျေးရွာများတွင် စုစည်းစွာနေထိုင်ကြပါသည်။ ဗမာလူမျိုးများနေထိုင်ကြပါသည်။

လမ်းပန်းဆက်သွယ်ရေး-မူလဲကျေးရွာသည် ပင်လည်းဘူးကောလင်းလမ်းမကြီးဘေးတွင်တည်ရှိပါသည်။ ကျေးရွာနှင့်ကားလမ်းမကြီးဆက်သွယ်ရာတွင် မြေသားလမ်းဖြစ် ရေချောင်းကြီး တစ်ခုဖြတ်သန်းသွားရပါသည်။ ရေချောင်းကို လူကူးတံတားဖြင့်သာသွားကြရပြီး ကားကူးတံထားမရှိခြင်းကြောင့် ဆက်သွယ်ရေးခက်ခဲပါသည်။ ထို့ကြောင့် စီမံကိန်းဒုတိယနှစ်တွင် ကျောက်ကြီးစီ သံဘောင်တပ် သစ်သားတံတားကြီးအား ကြိုးစားဆောင်ရွက်နေကြပါသည်။

## သုံးသပ်ချက်

စီမံကိန်းစတုတ္ထနှစ်တွင်မူလဲမှကားလမ်းမကြီးသို့ကျောက်ချောလမ်းပြီးစီး
အောင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ပညာရေး။မူလတန်း/ မူလွန် ကျောင်းရှိပါသည်။ လက်ရှိတွင် ကျောင်းသားဦးရေ ( ၁၃၅ ) ဦးခန့် ရှိပြီး၊ပညာရေးအားပေးသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျန်းမာရေး-ကလေးမွေးဖွားခြင်းအတွက် ကျေးရွာတွင် အရံသားဖွားတစ်ဦးရှိပါသည်။ အဓိကဆေးကုသမှုခံယူခြင်းကို ပင်လည်ဘူးမြို့နယ်ဆေးရုံ/ဆေးခန်းသို့သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။

သောက်သုံးရေ-ကျေးရွာတွင်းရှိ လက်တူးတွင်း(၁) တွင်း နှင့် ပိုက်တွင်းများမှ ရေကို အသုံးပြုပါသည်။ တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။

အခြား- ကျေးရွာ၏အနီးတပိုက်တွင် ကျောက်တောင်ရှိ ရှိပြီး ကျောက်ထုပ်ရေးကွင်း များရှိပါသည်။ ကားလမ်း၏ညာဘက်တွင် ကျောက်မီးသွေးတူဖော်သည့် ကုမ္ပဏီလုပ်ငန်းတစ်ခုရှိပါသည်။ထို့ကြောင့် ကျေးရွာသားများ နေ့စားလုပ်ငန်းဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေများရရှိကြပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## ဆွေးနွေးချက်


ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ-ကျေးရွာ၏ အနီးပတ်ဝန်းကျင်ရှိ သစ်တောမှ သစ်၊ ထင်းများထုတ်ယူရရှိနိုင်ပြီးဆင်းရဲနွမ်းပါးသော မိသားစုဝင်များသည် သစ်တောထွက် ပရဆေးများ၊သစ်ခေါက်များ၊သစ်ခွများရှာဖွေလျက် အသက်မွေးကြပါသည်။ ကျေးရွာ၏တောင်ဘက်ရှိ ရေချောင်းမှ လယ်ယာစိုက်ပျိုး ရေအတွက် လုံလောက်သောစိုက်ပျိုးရေရရှိပါသည်။ ကျေးရွာ၏အနီးတဝိုက်တွင် ကျောက်တောင်ရှိ ရှိပြီး ကျောက်ထုပ်ရေးကွင်း များရှိပါသည်။ ကားလမ်း၏ညာဘက်တွင် ကျောက်မီးသွေးတူဖော်သည့် ကုမ္ပဏီလုပ်ငန်းတစ်ခုရှိပါသည်။ ထို့ကြောင့်ကျေးရွာသားများနေ့စားလုပ်ငန်းဝင် ရောက်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေများရရှိကြပါသည်။

## သုံးသပ်ချက်

စီးပွားရေးလုပ်ကိုင်စားသောက်ရသောအရင်းအမြစ်-လယ်၊ယာမြေများကို အသုံးပြု၍ စပါး၊မြေပဲအမျိုးမျိုး၊ နှမ်း၊ နေကြာနှင့် မုန့်ညင်း၊ခရမ်းချဥ် သီးနှံမျိုးစုံကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စာကျက်မြေများရှိ၍ ကျွဲ၊နွားများကို တပိုင်တနိုင် စားကျက်မြေ( နွားလံခုံများထားရှိကာ) မွေးမြူကြပါသည်။

အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ-ကျေးရွာပတ်ဝန်းကျင်တွင် သစ်တောများရှိပြီးသစ်ထုတ်လုပ်ရေးလုပ်ငန်းကြောင့် လမ်းများပျက်စီးခြင်း ၊သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင်ပြီး၊စိုက်ပျိုးရေရှားပါးသည့်ပြဿနာရှိပါသည်။

၅။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း




**ဆွေးနွေးချက်**

ကျေးရွာချင်းဆက် ချောင်းကူတံတားမရှိခြင်းကြောင့် သွားလာရခက်ခဲပြီး လူမှု/ပွာရေးနောက်ကျခြင်း သီးနှံများဈေးကောင်းမရရှိခြင်း စိုက်ပျိုးထုတ်ကုန်မလုပ်နိုင်ခြင်း၊ သဘာဝသစ်တောကိုသာမှီခိုနေရခြင်း
ရွာချင်းဆက်လမ်းမကောင်း၍ သွားလာရေးခက်ခဲခြင်း။လူမှုရေး၊စီးပွားရေး နှင့်ခေတ်အမြင် နောက်ကျကျန်ခြင်း။
ကျေးရွာတွင်းလမ်းမကောင်း၍ သစ်သားတုံးများကို ကန့်လန့်ဖြတ်၍ခင်းထားရခြင်းကြောင့် သွားလာရေး ခက်ခဲခြင်း။
ကျေးရွာစာကြည့်တိုက်မရှိခြင်းကြောင့် အသိပညာနည်းပါးခြင်း၊လူငယ်များလမ်းလွဲရောက်ခြင်း။
မူကြိုကျောင်းမရှိ၍ ကလေးများပညာနောင့်နှေးခြင်း၊ကလေးများနောက်ကျမှပညာသင်ရခြင်း
ဆေးပေးခန်းမရှိ၍ ကျန်းမာရေးကိစ္စများတွင် ငွေကုန်ကြေးကျများခြင်း၊စီးပွားရေးအဆင်မပြေဖြစ်ခြင်း
စိုက်ပျိုးရေးခက်ခဲခြင်းကြောင့်
သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ဝင်ငွေနည်းပြီးစီးပွားရေးဖွံ့ဖြိုးမှုနောက်ကျခြင်း၊လူနေမှုအဆင့်အတန်းနိမ့်ကျ ကျန်ခြင်း
လက်မှုပညာမကျွမ်းကျင်ခြင်းကြောင့်ထွက်ငွေများပြီးဝင်ငွေနည်းပါးခြင်း၊ဈေးကွက် နှင့်အလုပ်အကိုင်ရှားပါးခြင်း
မွေးမြူရေးနည်းစနစ်မသိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်မလုပ်ဆောင်နိုင်ခြင်း

**သုံးသပ်ချက်**

မူလဲကျေးရွာတွင် လမ်းများကောင်းမွန်လျှင် မြို့နှင်ဆက်စက်မှုများ ပိုမိုကောင်း မွန်လာပြီး အသိအမြင်များ ကြွယ်ဝလာနိုင်သည်။ အရေးကြီးသောကျမ်းမာရေး ကိစ္စများတွင် အချိန်မီ ဆေးကုသမှုများ ရနိုင်သဖြင့် စိတ်ချမ်းသာမှုများရနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ရာသီမရွေး ကူးသန်းသွားလာနိုင်သည့်အတွက် ရွာ၏အခြေအနေ မှာလည်း ယခင်ထက် အဆများစွာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပါသည်။

### ၆။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



**ဆွေးနွေးချက်**

စီမံကိန်းပထမနှစ်တွင်-စာသင်ကျောင်းပြုပြင်(မျက်နှာကျက်၊ဆေးသုတ်)လုပ်ငန်းကို ရံပုံငွေ(၅,၀၀၀,၀၀၀)ကျပ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်းဒုတိယနှစ်တွင် စီမံကိန်းဒုတိယနှစ်တွင် စင်လောင်ကျေးရွာအုပ်စုအတွင်း (၄)ရွာရှိ ပါသည်။ ဒုတိနှစ်စီမံကိန်းလုပ်ငန်းအစတွင် ကျေးရွာအုပ်စု အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးရွာများအားလုံးလုပ်ငန်းဆောင်ရွက်ရာတွင် ရံပုံငွေ လုံလောက်မှုမရှိသဖြင့် ( ၂ )ရွာတစ်လှည့်စီဆောင်ရွက်ရန် အများသဘောတူဆုံးဖြတ်ချက်အရ မူလဲကျေးရွာမျ လုပ်ငန်းဆောင်ရွက်ခွင့်ရသဖြင့် ကျေးရွာအဝင်ချောင်းကူးတံတားအား ကျောက်ကြီးစီ သံဘောင်တပ် သစ်သားခင်း တံတား ကို ငွေကျပ်သိန်း (၁၃၀) ဖြင့်ဆောင်ရွက်ပါသည်။

စီမံကိန်းတတိယနှစ်တွင် ကျန်သောကျေးရွာ (၂ ) ရွာမှ ဆက်လက်ဆောင်ရွက်ပါမည်။

စီမံကိန်းစတုတ္ထနှစ်တွင် ကျေးရွာ (၄) ရွာမှ လုပ်ငန်းခွဲများအတွက် ရံပုံငွေ ခွဲဝေရရှိပေါ်မူတည်၍လုပ်ငန်းများဆောင်ရွက်ကြရန် အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ မူလဲကျေးရွာအနေဖြင့် စီမံကိန်းစတုတ္ထနှစ်တွင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သုံးသပ်ချက်**

မူလဲကျေးရွာ တတိယနှစ်တွင် တောင်းဆိုထားသော လုပ်ငန်းများမှာ

-ပင်လည်ဘူး မူလဲ ကျောက်ချောလမ်း

-ရွာတွင်းလမ်း

-မူကြိုကျောင်း

-ကျေးရွာအားကစားကွင်း

-စာသင်ကျောင်းအုတ်တံတိုင်း တို့ဖြစ်ပါသည်။

## ၇။ ဖင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




### ဆွေးနွေးချက်

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ တိကုအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ အရံသားဖွားအဖွဲ့၊ မီးသတ်အဖွဲ့၊ အမျိုးသမီးအမျိုးသားအဖွဲ့၊ အမျိုးသမီး အမျိုးသား ချေးငွေအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အဖွဲ့၊ ကျေးရွာစီ/ထောက်အဖွဲ့ များမှဘာသာရေး၊ သာသနာရေး လူမှုရေး၊ အုပ်ချုပ်ရေး၊ပညာရေး၊ စသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအကျိုးပြုလုပ်ငန်း များကို ချိတ်ဆက်ဆောင်ရွက် ကြပါသည်။

### သုံးသပ်ချက်

မြို့နယ်အုပ်ချုပ်ရေး၊ သစ်တော၊ နာရေးကူညီမှု၊ မြို့နယ်ရဲစခန်း၊ မြို့နယ်မီးသတ်၊ လဂက၊ စိုက်ပျိုးရေး၊ လူထုဗဟိုပြုစီမံကိန်း အဖွဲ့အစည်းများ၊ မြို့နယ်ကျန်းမာရေး ဌာများနှင့် အနည်းငယ်သာ ချိတ်ဆက်မှုရှိပြီး လိုအပ်သလိုချိတ်ဆက်ဆောင်ရွက်မှုမှာ အားနည်းနေပါသေးသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အရင်းအနှီးရရှိရန် အခြားအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

## ၉။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

- ကျေးရွာ၏ ဘာသာရေး၊သာသနာရေး၊ လူမှုရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများ၊ အမျိုးသမီးများ ထူးခြားစွာဖြင့် တူညီစွာပူးပေါင်းဆောင်ရွက်မှုရှိကြောင်းတွေ့ရှိရပါသည်။
- ငွေရရှိမှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုရရှိနေကြောင်းတွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်ရှိစိုက်ခင်းများမှ ဟင်းသီးဟင်းရွက်များ ရောင်းချပြီး ငွေရရှိသော်လည်း အမျိုးသားများမှာ ကျေးရွာအပြင်ထွက်၍ ရှာဖွေရသောကြောင့် ငွေပိုမိုရရှိကြောင်း တွေ့ရပါသည်။

- အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ပိုမိုရရှိနေပြီး အမျိုးသမီးများမှာအိမ်မှုကိစ္စ ဆောင်ရွက်နေ၍ အလုပ်အကိုင်အခွင့်အလမ်း နည်းခြင်းဖြစ်သည်။
- ပညာတတ်မြောက်မှုတွင် ကွာဟမှုရှိသော်လည်း မူလတန်းကျောင်းသာရှိပါသဖြင့် ပညာရေးမှာလိုအပ် နေပါသေးသည်။
-

**သုံးသပ်ချက်**

- အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာကွာဟချက်ရှိပါသည်။ အကြောင်းမှာ ကျေးရွာပတ်ဝန်းကျင်၌ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းများလုပ်ဆောင်သည့်အခါ အမျိုးသားများ လည်းလုပ်ကိုင်ခွင့်ရရှိကြသည်။ အမျိုးသမီးများမှာလည်း ရေချောင်းကိုအမှီပြု၍ စိုက်ခင်းများတွင် အသီးအနှံများစိုက်ပျိုးရောင်းချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိကြသည်။
- လုပ်ငန်းအရေးကြီး နေရာများတွင် အမျိုးသမီးများအား နေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာယူထားပြီးဖြစ်ပါသဖြင့် အမျိုးသမီးများအား နေရာပေး၊ အခွင့်အရေးပေးရန် လိုအပ်ပါသည်။ အမျိုးသမီးများအား ခေါင်းဆောင်မှုပိုင်းတွင် ပါဝင်ဆောင်ရက်နိုင် ရန်အမျိုးသားများမှ အမျိုးသမီးများအား လက်တွဲခေါ်ဆောင်ရန် လိုအပ်ပါသည်။

## ၁၁။ ကျေးရွာအိမ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

ကျောက်ကြီးစီသံဘောင်သစ်သားခင်းတံတားတည်ဆောက်ခြင်းကြောင့် ရာသီမရွေးသွားလာနိုင်မည်။ ကျေးရွာတွင်းရှိလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်ပြီး သွားလာရေးလွယ်ကူနေမည်။ ကလေးများပညာရေးဖွံ့ဖြိုးရန်မူကြိုကျောင်းတည်ဆောက်မည်။ ကျေးရွာအတွက် လူနေမှုအဆင့်အတန်းမြင့်ကာ အဆင်ပြေလာမည်။

**သုံးသပ်ချက်**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ပညာရေးဗဟုသုတပြည့်စုံခြင်းကြောင့်လူမှုရေး၊ ကျန်းမာရေး စီးပွားရေးများ တိုးတက်လာမှုကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာသော ကျေးရွာတစ်ရွာဖြစ်ခြင်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးများ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ

**ပထမနှစ်စီမံကိန်းလုပ်ငန်းခွဲပြီးစီးမှုမှတ်တမ်းပုံ**



**စီမံကိန်းဒုတိယနှစ် လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ**



**စီမံကိန်းဒုတိယနှစ် လုပ်ငန်းခွဲဆောင်ရွက်ပြီးစီးမှုအခြေအနေ**

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးတင်ဟင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စန်းဟင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးနိုင်မင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၄ | ဦးဇော်ဟင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ခင်မာထူး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးနွဲ့အောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၇ | ဒေါ်သန်းဟင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အေးအေးမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးဟင်းကြိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ဥက္ကဋ္ဌ |
| ၁၀ | ဒေါ်ခင်နှောင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ |
| ၁၁ | ဒေါ်မြသန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးမြင့်သန်း | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးထွန်းဦး | ကျား | အကြံပြုချက်ဖြေရှင်းချေရး |
| ၁၄ | ဒေါ်ခင်ချိုဦး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးကျော်သန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်သီတာစန်း | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်    ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**


ဦးတင်ဟင်း    ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်


ဒေါ်စန်းဟင်း    ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ


**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်မျိုးမျိုးသန့်
ရာထူး။ လူထုစည်းရုံးရေးမှူး
ရက်စွဲ။ ........./............./.................

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်


ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)





...ရေးရာအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးဝင်းမြင့်


လက်မှတ် [signature] နေ့စွဲ ၁၃ - ၁ - ၂၀၁၇


လူထုစည်းရုံးရေးမှူး

အမည် ဒေါ်ခင်မြင့်နွယ်


လက်မှတ် [signature] နေ့စွဲ ၁၃ - ၁ - ၂၀၁၇


## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား






## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်







ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]


နေ့စွဲ ၁၅-၁-၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible]ကျေးရွာ | ကျေးရွာလမ်း ရှည်မြောင်း(ယာ) | 1840'×2'8"×1.5' | ၂၃၈ | □ ကျား □ မ ☑ ကျား+မ | 106,85412.5/- | | | | |
| [illegible] | ကျေးရွာလမ်း ရှည်မြောင်း(ဘယ်) | 2410'×2'3"×1.5' | ၄၄၈ | □ ကျား □ မ ☑ ကျား+မ | 106,85412.5/- | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ


## ၁၃။ အစည်းအဝေး မှတ်တမ်းများ



ဆုံးဖြတ်ချက် ။ ။ ကျေးရွာ ရေပေးရေးကိစ္စများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနိုင်ရေးနှင့် ကျေးရွာ၏ ရေရရှိမှုကို ဖြည့်ဆည်းပေးသော ရွက်ပေးနိုင်ရေး ကျေးရွာ ဆောက်လုပ်ရေးပစ္စည်းများကို မှန်ကန်စွာ ရွေးချယ်ခဲ့သည်။ ကျေးရွာရေပေး စားသုံးမှုသည် လုပ်ငန်း လုပ်ဆောင်ရန် ရရှိသည့်နေရာများတွင် ဒီမိုကရေစီ ကျင့်စဉ်တွင် ပါဝင်သော ... ... ... အတွက် တိုင်း ကွဲလိုက်ပြီး တစ်ဆင့်ချင်း ဆောင်ရွက်သွားပါမည်။ ကျေးရွာ၏ လုပ်ဆောင်ရမည့်များကို အဆင်ပြေစွာ ဆောင်ရွက်ပါမည်။ လိုက်ပါကြသည်။ ဆောက်လုပ်ပြောဆိုပေးပြီး ဆွေးနွေးမှု ဖြင့် ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ဆုံးဖြတ်သည်။

သဘောတူညီချက် ။ ။ အထက်ပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များ အတိုင်း မူလကျေးရွာသူ/သားများ အားလုံးသည် သဘောတူညီစွာ ဆောင်ရွက်သွားပါမည်ဟု အစည်းအဝေး တက်ရောက်သူများ၏ လက်မှတ်များနှင့်တကွ သဘောတူညီချက် ပြုသည်။

| | | |
|---|---|---|
| ဒေါ်သီတာရှိန် | ဦးတင်ဝင်း | ဒေါ်ခင်မြင့်ဦး |
| ကျေးရွာအောက်ခြေ | ဒါရိုက်တာ | (မှတ်တမ်းတင်သူ) |
| | | လူထုစည်းရုံးရေးမှူး |


စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်
ကျေးရွာအစည်းအဝေးမှတ်တမ်း

ဆုံးဖြတ်ချက် ။ ။ ကျေးရွာကို လေ့လာသွားပြီး လေ့လာတွေ့ရှိမှုပေါ်မူတည်၍ ကျေးရွာ ကော်မတီဝင်များကို မှန်ကန်စွာ ရွေးချယ်ပေးခဲ့သည်။ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော လုပ်ငန်းများ၊ အကျိုးရှိစေမည့် ရရှိနိုင်မည့် လုပ်ငန်းအုပ်စုခွဲခြင်း၊ မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့သည်။ ကျေးရွာ၏ အခြေခံ အချက်အလက်များကို PRA ကို အသုံးပြု၍ မှန်ကန်စွာ ကောက်ယူခဲ့သည်။ လုပ်ငန်းခွဲများကို လုပ်ဆောင်ရာတွင် လည်း နည်းစနစ်မှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက် သွားပါမည်ဟု လူထုအားလုံးမှ ဆုံးဖြတ်သည်။

သဘောတူညီချက် ။ ။ အထက်တွင် ဆွေးနွေးထားသော ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များ အတိုင်း လုပ်ဆောင်သွားပါမည်။ ကျေးရွာ လူထုအားလုံး အစည်းအဝေးတက်ရောက်သူ ဦးရေ စာရင်း၊ လက်မှတ်များနှင့် တကွ သဘောတူညီမှုပေးသည်။

| | | |
|---|---|---|
| ဒေါ်သီတာရို | ဦးတင်ဝေ | ဒေါ်သဇင်မြင့်နွယ် |
| | | (မှတ်တမ်းတင်သူ) |
| စေတနာ့ဝန်ထမ်း | ကျေးရွာစီ၊ဆောင် | လူထုစည်းရုံးရေးမှူး |

## ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနန်ချုပ်

### ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

မှရင်းအား ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွင် ထားရှိရပါမည်၊ အခြားဌာနများနှင့် ညှိနိုင်ရန်အတွက် မိတ္တူအား

| | အဆင့် | လုပ်ငန်း | အဆိုပြုသူ | လ/ နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျေးရွာချင်းဆက်တံတား | □ ကျား □ မ | ...../၂၀၁၆ | ကျေးရွာသူ/သား | |
| | ၂ | ရွာချမ်း ဆက်လမ်း (ပင်လယ်ဘူး+ ...) | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၃ | ရွာအဝင် လမ်း ပြုပြင် | □ ကျား □ မ | ...../၂၀၁၈ | ။ | – |
| | ၄ | မူလတန်းကျောင်း အသစ် | □ ကျား □ မ | ...../၂၀၁၉ | ။ | – |
| | ၅ | ဆေးပေးခန်း အသစ် | □ ကျား □ မ | ...../၂၀၂၀ | ။ | – |
| အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး | ၁ | စိုက်ပျိုး နည်း ပညာ | □ ကျား □ မ | ...../၂၀၁၆ | ။ | – |
| | ၂ | ကားမောင်း သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၃ | ပန်းထိမ် ပညာသင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၄ | ပန်းရံ၊ လက်သမား သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၅ | ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| ကျန်းမာရေးနှင့် အ... | ၁ | ကျန်းမာရေး အသိပညာပေးဟောပြော | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၂ | ကြက်ခြေနီ သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၃ | ဒေါ်၊ သားဖွား သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၄ | တီ၊ ဂျီ သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၅ | | □ ကျား □ မ | ...../........... | | |
| ပညာရေး | ၁ | မူလတန်းကျောင်း တည်ဆောက်သည့် လုပ်ငန်း | □ ကျား □ မ | ...../၂၀၁၉ | ။ | – |
| | ၂ | ကွန်ပျူတာ သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၃ | စာတိုက်၊ ပန်းထိုး သင်တန်း | □ ကျား □ မ | ...../၂၀၁၇ | ။ | – |
| | ၄ | မူလတန်းကျောင်းဆရာ ချပေးသည့် လုပ်ငန်း | □ ကျား □ မ | ...../၂၀၁၈ | ။ | – |
| | ၅ | | □ ကျား □ မ | ...../........... | | |
| အခြား | ၁ | တစ်ပြည်လုံး ... အသစ် | □ ကျား □ မ | ...../၂၀၁၉ | ။ | – |
| | ၂ | အဝိုး၊ ... သက်ကြီးရွယ်အို ... | □ ကျား □ မ | ...../၂၀၂၀ | ။ | – |
| | ၃ | ... ပွဲ ၊ ... ပွဲ ... ပွဲ | □ ကျား □ မ | ...../၂၀၂၀ | ။ | – |
| | ၄ | ... လုပ်ငန်း | □ ကျား □ မ | ...../၂၀၂၀ | ။ | – |
| | ၅ | | □ ကျား □ မ | ...../........... | | |